# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 7, 2019 Volume 16, Number 5


| ၇.၂.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၀၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၃၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၆/ကျပ် |
| CBM Rate | = ၁၅၃၁.၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၉.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၉.၄ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၇.၇ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၂.၃ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၇.၀၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၄၅ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၀၉ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၆.၁၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၉၉ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## တောင်ကြီးမြို့၊ Royal Taunggyi Hotel "CLMV Support Program: Export Capacity Building in Myanmar in FY 2019" အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း




တောင်ကြီးမြို့၊ Royal Taunggyi Hotel တွင် ကျင်းပပြုလုပ်သည့် "CLMV Support Program: Export Capacity Building in Myanmar in FY 2019" အလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် အာဆီယံ-ဂျပန်စင်တာ (AJC)တို့မှ ပူးပေါင်း၍ (၄.၂.၂၀၁၉) ရက်နေ့ နံနက်(၀၉:၀၀)နာရီမှ ညနေပိုင်း (၄:၀၀)အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဝန်ကြီးဦးစိုးညွှန့်လွင်မှ အဖွင့်အမှာစကားပြောကြားခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါမှ မိတ်ဆက်စကား ပြောကြားခြင်း၊ အာဆီယံ-ဂျပန်စင်တာ (AJC) အဖွဲ့ ဒါရိုက်တာ Mr.Douangmala Vathouniyom တို့မှ မိတ်ဆက်စကားပြောကြားခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်မှာ အထည်အလိပ်နှင့် လက်မှုထည်လုပ်ငန်းရှင်များအတွက် ဒီဇိုင်းပိုင်း၊ တီထွင်ဖန်တီးမှုအပိုင်းနှင့် ပြည်ပသို့ ပို့ကုန်အဖြစ်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အကြံဉာဏ်နှင့် နည်းပညာများ၊ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေပြီး ဒေသနေပြည်သူများအတွက် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေလိုခြင်းဖြစ်ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်ဌာနဆိုင်ရာများ၊ အင်းလေးဒေသမှ ရက်ကန်း

လုပ်ငန်းရှင်များ၊ တောင်ကြီးမြို့မှ ရက်ကန်းလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း လူဦးရေ (၁၀၀) တက်ရောက်ခဲ့ပါသည်။

**Source: ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန**

## တရားဝင်ငွေလွှဲလုပ်ငန်းလိုင်စင်များ ဗဟိုဘဏ်ချပေးမည်

တရားဝင်နိုင်ငံတကာ ငွေလွှဲလုပ်ငန်းလိုင်စင် (Remittance License) များကို လာမည့် နှစ်လခန့်ကာလအတွင်း မှတ်ပုံတင်ခွင့်ပြုချက်ချပေးသွားမည်ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က မီဒီယာများကို ထုတ်ဖော်ပြောလိုက်သည်။

ကုန်သွယ်မှုအပြင် ပြည်ပထွက်ခွာသူများထံမှ နိုင်ငံခြားငွေ ပြည်တွင်းသို့စီးဝင်မှုသည် တရားမဝင်ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) များမှတစ်ဆင့်သာ ဝင်ရောက်မှုများနေခြင်းကို တင်းကျပ်စွာ ကိုင်တွယ်သွားနိုင်ရန်ဖြစ်သည်ဟု ဖေဖော်ဝါရီ ၆ ရက်က ရန်ကုန်မြို့၊ ဗဟိုဘဏ်ရုံးတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ၄င်းကပြောသည်။

ဘဏ်လုပ်ငန်းပြင်ပမှာ (တရားမဝင်ငွေလွှဲလုပ်ငန်းများဖြင့်) စီးဆင်းနေတဲ့ ငွေတွေဟာ ဘဏ်လုပ်ငန်းထဲမှာ စီးဆင်းနေတဲ့ငွေထက် အရမ်းများနေတယ်။ အများစုကလည်း ပို့ကုန်လုပ်ငန်းတွေကတစ်ဆင့် စီးဆင်း နေတာများတာကိုတွေ့ရတယ်။ ဒါတွေကို ပြင်းထန်စွာ အရေးယူနိုင်မှုတွေလုပ်ဖို့ရှိပါတယ်။ အဲဒါကြောင့် တရားဝင်ငွေလွှဲလုပ်ငန်းတွေ လိုင်စင်ချပေးဖို့ ရှိကြောင်း ဒုတိယဥက္ကဋ္ဌကပြောသည်။ မှတ်ပုံတင်ကြေးဈေးမကြီးဘဲ စည်းကမ်းချိုးဖောက်ရင်တော့ အပြစ်ပေးတဲ့စနစ်မျိုးကို ကျင့်သုံးသွားဖို့ရှိပါတယ်။ တစ်လ၊ နှစ်လအတွင်းမှာ အကောင်အထည်ပေါ်လာဖို့ရှိကြောင်း ၄င်းကဆက်လက်ပြောသည်။

ထို့အတူ ကုန်သွယ်မှုတွင်လည်း ပို့ကုန်ရငွေအများစုကို တရားမဝင် ငွေလွှဲလုပ်ငန်းများမှ တင်ဆင့်ဝင်ရောက်လာခြင်းကို အတတ်နိုင်ဆုံးကာကွယ်နိုင်ရန် အကောက်ခွန်ဌာန၊ ကုန်သွယ်ရေးဦးစီးဌာနများနှင့် ညှိနှိုင်းဆောက်ရွက်မှုများ လုပ်ထားပြီးဖြစ်သည်ဟု ၄င်းက ပြောသည်။

"၂၀၁၇ ခုနှစ်က စခဲ့တဲ့ အကောက်ခွန်ရှင်းလင်းရေးမူဝါဒမှာ အနည်းငယ်ပြုပြင်စရာလေးတွေ ရှိနေတယ်။ အဲဒါကို ပြုပြင်ပြီးရင်တော့ ကုန်သွယ်ငွေကြေးတွေ တရားဝင်လမ်းကြောင်းက ပြန်ဝင်မလာတဲ့အပေါ်မှာ အရေးယူမှုတွေ လုပ်သွားဖို့ရှိကြောင်း ၄င်းကပြောသည်။

လက်ရှိတွင် စင်ကာပူနိုင်ငံရှိ တရားမဝင်ငွေလွှဲလုပ်ငန်းများကိုမူ ပြည်တွင်းပို့ကုန် လုပ်ငန်းရှင်များနှင့် စင်ကာပူနိုင်ငံရှိ မြန်မာရွှေ့ပြောင်းလုပ်သားများက အဓိက ချိတ်ဆက်ဆောင်ရွက်နေလျက်ရှိသည်။ ထိုင်းနိုင်ငံနှင့် မလေးရှား နိုင်ငံတို့တွင်မူ မြန်မာနိုင်ငံမှ သွားရောက်လုပ်ကိုင်သည့် ရွှေ့ပြောင်းလုပ်သားများက မိသားစုများထံ ငွေပို့ငွေလွှဲလုပ်ဆောင်နိုင်ရန် အတွက် ဟွန်ဒီကို အဓိကအသုံးပြုနေကြသည်။

**Source:** https://myanmar.mmtimes.com/news/120249.html

## မြန်မာ- မလေးရှား စိုက်ပျိုးရေးထွက်ကုန်များ အပြန်အလှန်တင်ပို့နိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ဆွေးနွေးထား

မြန်မာ- မလေးရှားနှစ်နိုင်ငံ စိုက်ပျိုးရေးထွက်ကုန်များ အပြန်အလှန်တင်ပို့နိုင်ရေးနှင့် လယ်ယာစိုက်ပျိုး၊ မွေးမြူရေး ကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများကို အတူတကွ ဖြေရှင်းနိုင်ရန်၊ ကုန်သွယ်မှုဆိုင်ရာအခွင့်အလမ်းများဖန်တီးရန်၊ ပြည်ပမှ မော်တော်ယာဉ်တပ်ဆင်လုပ်ငန်းများ မြန်မာနိုင်ငံတွင် အခြေချဆောင်ရွက်နိုင်ရေး၊ မလေးရှားစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်လေ့လာမည့် အစီအစဉ်များအား ကူညီအားပေးရေးစသည်တို့ကိုဆွေးနွေးထားကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးကပြောသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးတိုးမြှင့် ဆောင်ရွက်နိုင်ဖို့နဲ့ အလားအလာရှိတဲ့ နယ်ပယ်တွေမှာ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ဖို့ရှိကြောင်း ၎င်းကဆိုသည်။

လက်ရှိရေးထိုးထားသည့် နှစ်နိုင်ငံအကြား စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့်လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ပစ္စည်းနှင့်မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ စားသောက်ကုန်ပြုပြင်ထုတ်လုပ်ခြင်း၊ ကုန်သွယ်မှု လွယ်ကူ

ချောမွေ့စေရန်လုပ်ဆောင်ခြင်းနှင့် နည်းပညာရပ်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များလည်း ပါဝင်ကြောင်း သိရသည်။ ယင်းအပြင် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သင်တန်းသားများအပြန်အလှန် စေလွှတ်ခြင်းဆိုင်ရာ ကိစ္စရပ် များကိုလည်းကောင်း၊ အပင်ပိုးမွှားရောဂါကင်းရှင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများ၊ စက်မှုသီးနှံ နှစ်ရှည်ပင်များဆိုင်ရာ ကိစ္စရပ်များတွင် အကျိုးတူရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ လက်ရှိမြန်မာနိုင်ငံ အတွင်း မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀ဒသမ၁၄ သန်းခန့်ရှိနေပြီး အာဆီယံ နိုင်ငံများထဲတွင် တတိယမြောက် ကုန်သွယ်မှုအများဆုံးဖြစ်ကာ မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ အဓိကတင်သွင်း နေသည့် ကုန်ပစ္စည်းများမှာ ရေနံထုတ်ကုန်၊ စားအုန်းဆီ၊ ဓာတုပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

Source: http://www.amiamyanmar.com/detail.aspx?id=5820

## မြေပဲဆီဈေးတက်

မန္တလေးစားသုံးသူဈေးကွက်အတွင်း မြေပဲဆီဈေးမှာ ယခင်နှစ်ကထက် တစ်ပိဿာလျှင် ကျပ်တစ်သောင်းကျော်ဈေးနှုန်း မြင့်တက်ကြောင်း မန္တလေးမြို့ရှိ ဆီစက်လုပ်ငန်းရှင်များထံမှသိရသည်။ မြေပဲဆီထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ်အဓိက သုံးသည့် မြေပဲဆန်ဈေးနှုန်းများမြင့်တက်ခြင်းကြောင့် မြေပဲဆီဈေးနှုန်းများ မြင့်တက်ခြင်းဖြစ်ကြောင်း ၎င်းတို့ကဆိုသည်။ "တရုတ်က မြေပဲဆန်အရမ်းဝယ်တယ်။ တရုတ်ဝယ်တော့ ကုန်ကြမ်းဈေးတက်လာတယ်။ ကုန်ကြမ်းဈေးတက်လာတော့ ပဲဆီဈေးကလည်း မြင့်တက်လာတယ်"ဟု အာရှသားဆီစက်ပိုင်ရှင် ဦးသန်းလွင်ကပြောကြားသည်။
မြေပဲဆီဈေးနှုန်းများ မြင့်တက်လာသော်လည်း စားသုံးသူက အရည်အသွေးမြင့် မြေပဲဆီကိုရွေးချယ်သုံးစွဲလာသည့် အတွက် အရောင်းအဝယ်ကောင်းမွန်ကြောင်း မြေပဲဆီဈေးကွက်အတွင်းမှသိရသည်။ ယခင်နှစ်က မြေပဲဆီတစ်ပိဿာလျှင် ၅၅၀၀ ကျပ်ဝန်းကျင်ရှိခဲ့ရာမှ ယခုအခါ တစ်ပိဿာလျှင် ၆၅၀၀ ကျပ်သို့လည်းကောင်း၊ မြေပဲဆန်ဈေးကွက်တွင် ယခင် နှစ်က မြေပဲဆန်တစ်ပိဿာလျှင် ၂၅၀၀ ကျပ် ခန့်သာရှိခဲ့သော်လည်း ယခုအခါ တစ်ပိဿာလျှင် ကျပ် ၂၇၅၀ မှ ၂၈၅၀ အထိဈေးရှိကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှသိရသည်။

Source: http://thevoicemyanmar.com/news/31387-oil

## EU က Made in Myanmar ဖြင့် တင်ပို့မှုကို လုံးဝပိတ်ပင်မည်မဟုတ်ဘဲ GSP/EBA အခွင့်အရေး ဆက်လက်ထားရှိ၊ မရှိကိုသာ လာရောက်စိစစ်လေ့လာခြင်းဖြစ်ဟု အထည်ချုပ်အသင်းဥက္ကဋ္ဌပြောကြား

EU က Made in Myanmar ဖြင့် တင်ပို့မှုကို လုံးဝပိတ်ပင်မည်မဟုတ်ဘဲ GSP/EBA အခွင့်အရေးကို ဆက်လက်ထားရှိ၊ မရှိကိုသာ လာရောက်စိစစ်လေ့လာခြင်းဖြစ်ကြောင်း အောက်တိုဘာ ၃၀ ရက်က ကုန်သည်စက်မှု အသင်းချုပ်၌ပြုလုပ်သည့် (EU EBA Monitoring Mission) အဖွဲ့နှင့် တွေ့ဆုံခဲ့ခြင်းနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအထည်ချုပ် အသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောကြားသည်။
EU mission နဲ့ တွေ့တဲ့အခါမှာ GSP/EBA ကိစ္စက လူ့အခွင့်အရေးတွေနဲ့ပတ်သက်ကြောင်း၊ အလုပ်သမား အခွင့်အရေးတွေနဲ့ပတ်သက်ပြီးမှ ဒီဟာကိုပေးတဲ့မူဝါဒတစ်ခုလို့ သူတို့ရှင်းပြပါတယ်။ အခုလက်ရှိ မြန်မာနိုင်ငံမှာတော့ ရခိုင်မြောက်ရော၊ ကချင်တို့၊ ချင်းတို့မှာပါ သူတို့ရဲ့တွေ့ရှိတဲ့ဟာတွေကလူ့အခွင့်အရေးပေါ်မှာ ထိခိုက်ခံစားနေရတာ တွေလို့ သူတို့အနေနဲ့ ယူဆရတဲ့အတွက် ဒီဟာတွေကို EBA/ GSP ကိစ္စကို ပြန်ပြီးတော့သုံးသပ်ဖို့ရန်အတွက် အချက်အလက်ကိုလာရှာတယ်လို့ပြောပါတယ်။ သူတို့ဘက်ကရှင်းရှင်းလင်းလင်းတင်ပြတာက သူတို့သည် Made in Myanmar ကို ဥရောပက မပိတ်ဆို့ကြောင်း မြန်မာနိုင်ငံအထည်ချုပ်အသင်းဥက္ကဋ္ဌ ဦးမြင့်စိုးကပြောကြားသည်။
GSP/EBAဆိုသည်မှာကုန်သွယ်မှုဆိုင်ရာအထူးအထွေထွေအခွင့်အရေးဖြစ်ပြီး၊ ယင်းအခွင့်အရေးရရှိထားသည့် နိုင်ငံများအနေဖြင့် ဥရောပသမဂ္ဂနိုင်ငံများ (EU) သို့ ပို့ကုန်များတင်ပို့ပါက အခွန်ကင်းလွတ်ခွင့် (သုညရာခိုင်နှုန်း အခွန်) ကို ခံစားခွင့်ရှိသည်။
EU အနေဖြင့် မြန်မာနိုင်ငံအပေါ် ပေးအပ်ထားသည့် အဆိုပါအခွင့်အရေးကို ၁၉၉၇ ခုနှစ်က ပြန်လည်ရုပ်သိမ်းခဲ့ပြီး မြန်မာနိုင်ငံအပေါ် GSP/EBA ခံစားခွင့်ကို ၂၀၁၃ ခုနှစ် ဇွန်လက ပြန်လည်ပေးအပ်ခဲ့သည့်အတွက် EU သို့တင်ပို့မည့် အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့ပါက အထည်အမျိုးအစားအပေါ်မူတည်ပြီး အခွန်ရှစ်ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း အထိ သက်သာမှုရှိခဲ့ကြောင်းသိရသည်။

"Made in Myanmar" ကို သူတို့ဆီကို တင်ပို့လို့ရပါတယ်။ အခုပို့နေတဲ့အချိန်မှာ ရှစ်ရာခိုင်နှုန်းတို့ ၁၅ ရာခိုင်နှုန်းတို့ တစ်ပြားမှ ပေးစရာမလိုဘူး။ အဲဒီတော့ ဈေးကွက်ပြိုင်ဆိုင်မှုမှာအားသာတယ်။ GSP အခွင့်အရေးမရတော့ရင် ကျွန်တော်တို့ဘက်က ရှစ်ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်း လက်ခတွေတို့၊ အထည်တန်ဖိုးတွေတို့ လျှော့ချနိုင်မလားဆိုတာ GSP ရထားတဲ့ ဘင်္ဂလားဒေ့ရှ်လိုနိုင်ငံမျိုးလို၊ လာအိုလိုနိုင်ငံမျိုးတွေနဲ့ ယှဉ်ပြိုင်ပြီးတော့ လုပ်နိုင်မလားဆိုတာ စိုးရိမ်ရတဲ့အခြေအနေလို့ ထပ်မံဖြည့်စွက်ဖြေကြားလိုကြောင်း ဦးမြင့်စိုးကပြောကြားသည်။
အောက်တိုဘာ ၂၉ ရက်က မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ် (UMFCCI) ၊မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA) ၊ ဖိနပ်ချုပ်လုပ်ငန်းရှင်များ အစုအဖွဲ့တို့က ဥရောပသမဂ္ဂ (EU) ၏ Mission အဖွဲ့ခေါင်းဆောင် DG Trade မှ Ms.Helena Koeninq ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr.Kristian Schmidt တို့နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။
ဥရောပသမဂ္ဂ Mission အဖွဲ့သည် မြန်မာနိုင်ငံသို့ သုံးရက်ကြာလေ့လာရေးခရီးစဉ် ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများကို ကွင်းဆင်းလေ့လာမည့်အပြင် ILO အဖွဲ့အစည်း၊ အလုပ်သမား သမဂ္ဂအဖွဲ့အစည်းများ၊ စက်ရုံအလုပ်ရုံပိုင်ရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများပါမကျန် တွေ့ဆုံဆွေးနွေးပြီး မြန်မာနိုင်ငံအပေါ် ကုန်သွယ်မှုဆိုင်ရာ အထူးအထွေထွေအခွင့်အရေး GSP/EBA ကို ဖယ်ရှားရန် သင့်၊ မသင့်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်းသိရသည်။
Source: https://news-eleven.com/news/54685

## အိန္ဒိယနိုင်ငံသို့ ပဲတင်ပို့ရာတွင် သီးသန့် ကိုတာစနစ်သတ်မှတ်ပေးရန် တင်ပြတောင်းဆိုမည်

ပဲပေါ်ရာသီကာလဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံသို့ ပဲတင်ပို့ရာတွင် သီးသန့် ကိုတာစနစ်သတ်မှတ်ပေးရန် တင်ပြတောင်းဆိုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးထံမှသိရသည်။ ပဲတင်သွင်းခြင်းကို အိန္ဒိယနိုင်ငံအစိုးရက တားဆီးလိုက်တဲ့အတွက် ပြည်တွင်းဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံဈေးတွေ ကျဆင်းခဲ့တယ်။ဒါကြောင့် သီးသန့်ကိုတာစနစ် အမြန်ဆုံးသတ်မှတ်ပေးဖို့ တောင်းဆိုမှာဖြစ်ကြောင်း ဦးမင်းကိုဦးကပြောသည်။ မြန်မာနိုင်ငံမှ အဓိကပဲတင်ပို့နေသည့် အိန္ဒိယနိုင်ငံ ချန်နိုင်းပြည်နယ် တရားရုံးက ပြည်ပမှ ပဲတင်သွင်းမှုတားဆီးခြင်းကို ဇန်နဝါရီ ၃၁ ရက်က ထုတ်ပြန်ခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်နောက်ပိုင်း တင်သွင်းသည့် ပဲများကိုလည်း ဆိပ်ကမ်းများမှ ထုတ်ခွင့်မပြုကြောင်း အိန္ဒိယနိုင်ငံ အကောက်ခွန်ဌာနမှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။
သို့ဖြစ်ရာ အိန္ဒိယအစိုးရသို့ ပထမဦးစားပေးအနေဖြင့် ပဲတင်သွင်းမှုကို လွတ်လပ်စွာကုန်သွယ်ခွင့်ပေးရန် တိုက်တွန်းတောင်းဆိုထားပြီး မပေးနိုင်ပါက ဒုတိယဦးစားပေးအဖြစ် သီးသန့်ကိုတာစနစ် သတ်မှတ်ပေးရန်နှင့် အစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရန် တိုက်တွန်းတောင်းဆိုထားကြောင်း သိရသည်။
အခုက ပဲပေါ်တဲ့ကာလဖြစ်လို့ အိန္ဒိယနိုင်ငံဘက်ကို သီးသန့်ကိုတာစနစ် သတ်မှတ်ပေးဖို့ အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင် ဒီရက်ပိုင်းအတွင်းဆက်ပြီး တောင်းဆိုသွားမယ်။ အိန္ဒိယကတော့ ယာယီပိတ်တယ်လို့ ပြောတဲ့ပုံစံပါပဲ။ ဒါပေမဲ့ အဲဒါကလည်း ဘယ်အချိန်မှာ ပြောင်းလဲမလဲဆိုတာမသိဘူးဟု ဦးမင်းကိုဦးကပြောသည်။ လက်ရှိအချိန်သည် ပဲတီစိမ်း၊ ပဲစင်းငုံနှင့် မတ်ပဲများပေါ်သည့်ကာလဖြစ်၍ အိန္ဒိယအစိုးရ၏ မူဝါဒအပြောင်းအလဲများကြောင့် ပြည်တွင်းရှိ တောင်သူများအပေါ် ထိခိုက်နစ်နာစေသည့်အပြင် ပြည်တွင်းပဲဈေးအနေဖြင့် တစ်ပတ်အတွင်း မတ်ပဲတစ်တန်လျှင် ငွေကျပ် တစ်သိန်းသုံးသောင်းခန့်နှင့် ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ခုနစ်သောင်းခန့် ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်းသိရသည်။
Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1602-beans.html

## အခေါက်ရွှေဈေးအပါအဝင် ၁၅ပဲရည် ရွှေဈေးများ နေ့စဉ် နည်းနည်းချင်းတက်နေပြီး၊ ၁၅ပဲရည် တစ်ကျပ်သားလျှင် ကျပ်ဆယ်သိန်းအထိ ဈေးပေါက်လာဟုဆို

အခေါက် ရွှေဈေး အပါအဝင် ၁၅ပဲရည် ရွှေဈေးများ နေ့စဉ်နည်းနည်းချင်းဈေးတက်နေပြီး၊ ယခုဆိုလျှင် ၁၅ပဲရည် တစ်ကျပ်သားကို ငွေကျပ်ဆယ်သိန်းအထိပေးဝယ်နေရကြောင်းသိရသည်။ ပြီးခဲ့သည့် ရှေ့တစ်ပတ်ကဆိုလျှင် ၁၅ပဲရည် တစ်ကျပ်သားဈေးနှုန်းသည် ငွေကျပ် ၉ သိန်း ၉ သောင်းပါတ်ချာလည်တွင်သာရှိနေခဲ့သည်။ တစ်ပတ်အတွင်း ကျပ် ၁၀၀၀၀ အထိ ဈေးတက်သွားသည်ကို တွေ့ရမည်ဖြစ်သည်။ ဖေဖော်ဝါရီလ ၇ ရက် မနက်ပိုင်း ရွှေဈေးအဖွင့်တွင် အခေါက်ရွှေ

၁ ကျပ်သားကို ၁၀၆၃၀၀၀ ကျပ်၊ ၁၅ပဲရည် ၁ ကျပ်သားကို ၁၀၀၀၀၀၀ ဈေးရှိနေသည်ဟုသိရသည်။

ရွှေဈေးနှင့်ပတ်သတ်ပြီး ဈေးက ကျလည်းတစ်ရက်ပဲ နောက်နေ့ကျတက်လာတာပဲ။ တစ်နေ့ကို ကျပ် ၁၀၀၀၊ ၂၀၀၀ တက်နေကြောင်းပြောသည်။ ပြီးခဲ့သည့် ၂လကျော်၊၃လ ကျော်က ဆိုလျှင် အခေါက် ရွှေဈေးသည် ကျပ် ဆယ်သိန်းကျော်မှ နေ၍ ငွေကျပ် ၉ သိန်း ၆သောင်း၊ ၇သောင်းအထိ ဈေးကျသွားမှုများရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင် ပြန်တက်လာပြီး၊ ၁ကျပ်သားကို ငွေကျပ် ၁၀သိန်း ၃သောင်းပါတ်ချာလည်တွင် ငြိမ်နေခဲ့ကာ ဇန်နဝါရီလကုန်ပိုင်းနှင့် ဖေဖော်ဝါရီ လဆန်းပိုင်းမှစကာ ဈေးသည် တစ်နေ့လျှင်နည်းနည်းချင်းစီတက်လာနေသည့် အတက်ဘက်တွင်သာရှိခဲ့ပါသည်ဟု ၎င်းကပြောသည်။ ထို့အတူ ၁၅ပဲရည်မှာလည်း ယင်းပုံစံအတိုင်းပင် ဖြစ်ခဲ့ပါသည်ဟုပြောသည်။

**Source:** https://www.facebook.com/popularnewsjournal/

## အမေရိကန်နဲ့တရုတ်တို့ရဲ့ ကုန်သွယ်ရေးစစ်ပွဲကနေရနိုင်မယ့်အကျိုးအမြတ်များ

Trade War လို့လူသိများတဲ့ ကုန်သွယ်ရေးစစ်ပွဲကြောင့် စီးပွားရေးကဏ္ဍပိုင်းမှာ အကျိုးယုတ်လျော့သွားဖို့ရှိသလို အကျိုးများလာနိုင်တယ်ဆိုပြီးရှိကြောင်းကိုလည်း သတင်းများကဖော်ပြပေးခဲ့ပါတယ်။ ကုန်သွယ်ရေးစစ်ပွဲကြောင့် တိုက်ရိုက်ကုန်ထုတ်လုပ်မှုတွေနဲ့ တိုက်ရိုက်ကုန်စည်တင်သွင်းမှုတွေလျော့ကျသွားနိုင်ပါတယ်။ ဒါကလည်း အခွန်တွေကိုတိုးမြှင့်မယ်ဆိုပြီးအသံတွေထွက်နေတာကြောင့်ပါ။ တရုတ်မှာလာပြီး အခြေစိုက်ထားတဲ့ အမေရိကန်ကုမ္ပဏီတော်တော်များများကတော့ အမေရိကန်ရဲ့အခွန်တိုးမြှင့်မှုကိုလက်တုန့်ပြန်မယ့် တရုတ်ရဲ့လက်စားချေမှုကို ကြုံတွေ့ရနိုင်ပါတယ်။ တိုက်ရိုက်ကုန်စည်တင်သွင်းမှုလည်း ထိခိုက်နိုင်ပြီး တရုတ်မှာထုတ်လို့ အမေရိကပြန်ပို့မယ့် ထုတ်ကုန်တွေကတော့ တော်တော်လေးအထိနာမှာဖြစ်ပါတယ်။ ဒါပေမယ့် အဆိုးနဲ့အကောင်းက ဒွန်တွဲနေတယ်ဆိုသလိုပဲ transit လို့ဆိုရမယ့် ကြားခံတွေကတော့ အကျိုးအမြတ်ရှိလာစေမှာ အသေအချာပါပဲ။ ကြားခံတွေထဲမှာတော့ အကျိုးအမြတ်အရှိဆုံးဖြစ်လာနိုင်မှာကတော့ EU ပဲဖြစ်ပါတယ်။ သူကတော့ အမေရိကန်ကနေ တရုတ်ကိုပို့မယ့်ထုတ်ကုန်တွေ၊ တရုတ်ကနေအမေရိကန်ကိုပို့မယ့် ထုတ်ကုန်တွေကြောင့် ဒေါ်လာ ဘီလီယံ ၇၀ တန်ဖိုးလောက်အထိကို အကျိုးရှိသွားနိုင်ပါတယ်။ မက္ကဆီကို၊ ဂျပန်နဲ့ ကနေဒါတို့ကတော့ ဒေါ်လာဘီလီယံ ၂၀ လောက်အထိ အကျိုးရှိလာနိုင်ပါတယ်။ အခြားသောအရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်တဲ့ အိန္ဒိယကတော့ပြည်ပပို့ကုန်နှင့်စီးပွားရေးပိုင်းမှာ ၃ ဒသမ ၅ ရာခိုင်နှုန်းလောက်မြင့်တက်လာနိုင်ပြီး ဒေါ်လာ ၁၀ ဘီလီယံလောက်အထိ အကျိုးရှိလာနိုင်ပါတယ်။

ကုန်သွယ်ရေးစစ်ပွဲကိုတော့ ဒီဇင်ဘာလကတည်းကစတင်ခဲ့တာဖြစ်ပြီး ရက် ၉၀ (၃လတာ) အတွင်းမှာ အပြီးသတ်ညှိနှိုင်းသွားမှာဖြစ်ပါတယ်။ လာမယ့် မတ်လ ၁ ရက်နေ့ (သို့မဟုတ်) ၂ ရက်နေ့မှာသာ ညှိနှိုင်းမှုတွေအဆင်မပြေခဲ့ဘူးဆိုရင် ဒေါ်လာ ၂၀၀ ဘီလီယံတန်ကြေးရှိတဲ့ တရုတ်ထုတ်ကုန်တင်ပို့မှုတွေကို အမေရိကန်က အခွန် ၁၀ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားဖို့ရှိတယ်လို့ အသံတွေကြားနေခဲ့ရပါတယ်။

**Source:** http://www.logisticsguide.com.mm/en/industry-news/local-industry/1523-trade-war.html? fbclid=IwAR1BPUreZBrK8djSaiuS49xgtJuAWhniliZ3DoogdF5bGS1FflszaYjM6aw

## ပုဂ္ဂလိကဘဏ်များကို ဒေါ်လာရောင်းဝယ်ခြင်းမှ ကျပ်ဘီလီယံချီမြတ်ဟု ဗဟိုဘဏ်၏ဒုဥက္ကဋ္ဌပြော

ပုဂ္ဂလိကဘဏ်များကို ဒေါ်လာအရောင်းအဝယ်ပြုလုပ်ခြင်းမှ ၂၀၁၈ အတွင်း ကျပ်ဘီလီယံနှင့်ချီ အမြတ်ရရှိခဲ့ကြောင်း ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်ကပြောသည်။ ၂၀၁၈ ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တွင် ဗဟိုဘဏ်က လေလံဈေးကွက်ဖြင့် ပုဂ္ဂလိကဘဏ်များထံမှ ဒေါ်လာဝယ်ယူမှုနှင့်ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်အချို့က ဝေဖန်ခဲ့သည်။ ပြင်ပဈေးကွက်၌ ဒေါ်လာဈေး ရုတ်တရက်ကျသွားချိန်တွင် ဗဟိုဘဏ်ရည်ညွှန်းနှုန်း မြင့်မားနေခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်အချို့က ဝေဖန်ခဲ့သည်။

ထိုစဉ်က ပုဂ္ဂလိကဘဏ်များထံမှ ဝယ်ယူခဲ့သည့်ငွေလဲနှုန်းသည် ဘဏ်အချင်းချင်းရောင်းဝယ်သည့်နှုန်း၊ ဘဏ်များမှ စီးပွားရေးလုပ်ငန်းရှင်များကို ရောင်းဝယ်သည့်နှုန်းများကိုအခြေခံပြီး ရည်ညွှန်းငွေလဲနှုန်းသတ်မှတ်ကာ ဝယ်ယူခြင်းဖြစ်သည်ဟု ဦးဘိုဘိုငယ်ကရှင်းပြသည်။

ထို့ကြောင့် ဗဟိုဘဏ်က ဆုံးရှုံးမှုမရှိဘဲ နှစ်ကုန်ချိန်စာရင်းချုပ်စဉ် ဘီလီယံနှင့်ချီ၍ အမြတ်ရရှိခဲ့သည်ဟုပြောသည်။ ငွေကြေးကိန်းဂဏန်းကို တိကျစွာထုတ်ဖော်ပြောခြင်းမရှိသော်လည်း ပြည်သူ့ ငွေစာရင်းပူးပေါင်းကော်မတီ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များကို စာရင်းများတင်ပြခဲ့သည်ဟုဆိုသည်။ ပုဂ္ဂလိကဘဏ်များကို ဒေါ်လာအရောင်းအဝယ် ပြုလုပ်ရာတွင် ဗဟိုဘဏ်အနေဖြင့် အရှုံး၊ အမြတ်တွက်ပြီး ဆောင်ရွက်ခြင်းထက် ပြည်တွင်း၌ငွေကြေးတန်ဖိုး တည်ငြိမ်

စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟုဆိုသည်။ ဗဟိုဘဏ်က ဒေါ်လာဝယ်ခြင်း၊ ရောင်းခြင်းနှင့်ပတ်သက်ပြီး "အဂတိလိုက်စားမှုရှိရင် ချက်ချင်း ဖြုတ်လို့ရပါတယ်" ဟု ဦးဘိုဘိုငယ်က ပြောသည်။

ငွေကြေးဈေးကွက် တည်ငြိမ်ရေးဆောင်ရွက်ရာတွင် ဗဟိုဘဏ်ရည်ညွှန်းနှုန်းသတ်မှတ်ရန် အခက်အခဲကိုလည်း ဗဟိုဘဏ်က ကျော်လွှားနိုင်ရန်ကြိုးစားခဲ့သည်။ ဘဏ်အချင်းချင်းအကြား ငွေကြေးရောင်းဝယ်သည့် ဈေးကွက်ကျယ်ပြန့်လာချိန်တွင် ဗဟိုဘဏ်၏ လေလံဈေးကွက်က သက်ဝင်မှုလျော့ကျလာသည်။ ဘဏ်အချင်းချင်းအကြား အရောင်းအဝယ် လုပ်သည့်ဈေးနှုန်း၊ ပုဂ္ဂလိကဘဏ်များမှ စီးပွားရေးလုပ်ငန်းရှင်များကို အရောင်းအဝယ်လုပ်သည့်ဈေးနှုန်းတို့ကို အခြေခံတွက်ချက်ပြီး နောက်တစ်ရက် နံနက် ၉ နာရီတွင် ရည်ညွှန်းနှုန်းကို သတ်မှတ်သည်။ ထိုအခြေအနေက ဈေးကွက်ပေါက်ဈေးနှင့် နီးစပ်ရန် ခက်ခဲသဖြင့် ဖေဖော်ဝါရီ ၅ ရက်က စတင်ပြီး ရည်ညွှန်းနှုန်းကို ညနေ ၄ နာရီတွင် ပြောင်းလဲထုတ်ပြန်ခဲ့သည်။ ဗဟိုဘဏ်က ထုတ်ပြန်သည့်ရည်ညွှန်းငွေလဲနှုန်းသည် ဈေးကွက်အဖွင့်ဈေးနှင့်နီးစပ်ကြောင်း ငွေလဲလုပ်ငန်းလုပ်ကိုင်သူအချို့က ပြောသည်။ ဖေဖော်ဝါရီ ၆ ရက်တွင် ဗဟိုဘဏ်၏ ရည်ညွှန်းနှုန်းက တစ်ဒေါ်လာလျှင် ၁,၅၂၃ ကျပ်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များမှ ဒေါ်လာရောင်းဈေးက တစ်ဒေါ်လာ ၁,၅၂၁ ကျပ်မှ ၁,၅၂၄ ကျပ်အကြား ဈေးဖွင့်ခဲ့သည်။

**Source:** http://www.7daydaily.com/story/149411

## ၂၀၂၀ နှစ်ကုန်ပိုင်းတွင် မြန်မာအခြေစိုက်ဖွင့်မည့် နိုင်ငံခြားဘဏ်များကို ခွင့်ပြုပေးမည်

မြန်မာနိုင်ငံတွင် အခြေစိုက်သည့် နိုင်ငံခြားဘဏ်များကို ၂၀၂၀ နှစ်ကုန်ပိုင်း၌ ခွင့်ပြုမည်ဟု မြန်မာနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဦးဘိုဘိုငယ်က ပြောသည်။

ဗဟိုဘဏ်သည် နိုင်ငံခြားဘဏ်များကို ထပ်မံခွင့်ပြုရာတွင် ဘဏ်ခွဲဖွင့်လှစ်ခွင့်အစား မြန်မာနိုင်ငံ၌ အခြေစိုက်ဖွင့်လှစ်မည့် ဘဏ်များကို ခွင့်ပြုမည်ဖြစ်ပြီး မတည်ရင်းနှီးငွေပမာဏများပြီး ဗဟိုဘဏ်က တိုက်ရိုက်ကြီးကြပ်နိုင်သည့် အနေအထားဖြစ်စေရန် စဉ်းစားထားသည်ဟု ဦးဘိုဘိုငယ်က ပြောသည်။ ဗဟိုဘဏ်က လက်ရှိခွင့်ပြုပေးထားသည့် နိုင်ငံခြားဘဏ်ခွဲများနှင့် ပတ်သက်၍ ကြီးကြပ်မှု အကန့်အသတ် ဖြစ်နေသည်။ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသည့် ဘဏ်ခွဲကိုသာ ဗဟိုဘဏ်က ကြီးကြပ် နိုင်ပြီး မူဝါဒပိုင်းများကို သက်ဆိုင်ရာဘဏ်၏ မိခင်နိုင်ငံက ဗဟိုဘဏ်၏မူဝါဒအတိုင်းသာ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

"ပြည်တွင်းက ငွေစုချင်သူတွေ၊ ငွေအပ်ချင်သူတွေ လုပ်ပိုင်ခွင့်ပိုရတာပေါ့" ဟု ဦးဘိုဘိုငယ်က ဆိုသည်။

နိုင်ငံခြားဘဏ်များကို အခြေစိုက်ဘဏ်အဖြစ် ခွင့်ပြုရန် လက်ရှိတွင် ဗဟိုဘဏ်က စည်းမျဉ်း စည်းကမ်းများ ပြင်ဆင်ရေးဆွဲနေပြီး ဖွင့်လှစ်ခွင့်ပြုမည့်ဘဏ် အရေအတွက်ကိုမူ အသေးစိတ် မပြောနိုင်သေးကြောင်း ၎င်းကဆိုသည်။ ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံခြားဘဏ်များနှင့် ငွေရေး ကြေးရေး အဖွဲ့အစည်းများမှ ၃၅ ရာ ခိုင်နှုန်းအထိ ရင်းနှီးမြှုပ်နှံခွင့်ပြုကြောင်း ဗဟိုဘဏ်က ကြေညာ ချက်ထုတ်ပြန်ပြီး ရှစ်ရက်အကြာတွင် ဦးဘိုဘိုငယ်က ပြောကြားသည်။ နိုင်ငံခြားဘဏ် ထပ်မံခွင့်ပြု ရာတွင် နှစ်နိုင်ငံစီးပွားရေး၊ နိုင်ငံရေး ဆက်ဆံမှုများသည့် နိုင်ငံများရှိ ဘဏ်များကို ဦးစားပေး အခွင့်အရေးပေးရန် စီစဉ်ထားကြောင်း ၂၀၁၈ ဒီဇင်ဘာက မြန်မာနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ တစ်ဦးဖြစ်သူ ဦးစိုးသိန်းက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံမှ ဘဏ်ခွဲသုံးခု၊ စင်ကာပူနိုင်ငံမှ ဘဏ်ခွဲနှစ်ခု၊ တရုတ်နိုင်ငံမှ ဘဏ်ခွဲတစ်ခုနှင့် ထိုင်းနိုင်ငံမှ ဘဏ်ခွဲတစ်ခုသာ ခွင့်ပြုထားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ က စတင်ပြီး နိုင်ငံခြားဘဏ်ခွဲ ကိုးခုစတင်ခွင့်ပြုပြီးနောက် နိုင်ငံခြား ဘဏ်ခွဲလေးခုကို ထပ်မံခွင့်ပြုခဲ့ရာ လက်ရှိ၌ ဘဏ် ၁၃ ခု ရှိပြီ ဖြစ်သည်။

**Source:** http://www.7daydaily.com/story/149413

## နိုင်ငံခြားအရန်ငွေ သွင်းကုန်တန်ဖိုး၏ လေးဆရှိနေကြောင်း ဗဟိုဘဏ်ဒုဥက္ကဋ္ဌပြောကြား

နိုင်ငံအတွင်း နိုင်ငံခြားအရန်ငွေတိုးမြှင့်ရေး ဗဟိုဘဏ်က ဆောင်ရွက်နေပြီး လက်ရှိတွင် သွင်းကုန်တန်ဖိုး၏ လေးဆအထိရှိနေပြီဟု ဗဟိုဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ပြောသည်။ နိုင်ငံခြားအရန်ငွေသည် နိုင်ငံတစ်ခု ငွေကြေးလဲလှယ်နှုန်း ခိုင်မာမှုကိုတိုင်းတာခြင်းဖြစ်၍ ၂၀၁၇ က စတင်ပြီး နိုင်ငံခြား အရန်ငွေတိုးတက်ရေးဆောင်ရွက်နေခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။




နိုင်ငံခြားအရန်ငွေခိုင်မာရင် ဒီနိုင်ငံက လုပ်ငန်းတွေက နိုင်ငံခြားထွက်ပြီး ပိုက်ဆံချေးတာပဲဖြစ်ဖြစ်၊ နိုင်ငံခြားနဲ့ ဆက်ဆံတာပဲဖြစ်ဖြစ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံတာပဲဖြစ်ဖြစ် ယုံကြည်မှုပိုကြီးပါတယ်။ ဒါကြောင့် နိုင်ငံခြားရန်ပုံငွေတိုးမြှင့်ရေး အာရုံစိုက်ပြီးလုပ်နေပါတယ်ဟု ဦးဘိုဘိုငယ်က ပြောသည်။

ပမာဏအတိအကျကို ဗဟိုဘဏ်က ထုတ်ပြောလေ့မရှိကြောင်းနှင့် မြန်မာနိုင်ငံအတွက် နိုင်ငံခြားရန်ပုံငွေသည် သွင်းကုန်တန်ဖိုး၏ အနည်းဆုံး ငါးလမှခြောက်လရှိရမည်ဖြစ်ပြီး လက်ရှိတွင် လေးလစာအထိရှိသည်ဟု ဗဟိုဘဏ်ဒုတိယ ဥက္ကဋ္ဌက ပြောသည်။ နိုင်ငံခြားရန်ပုံငွေပမာဏသည် ၂၀၁၂ မှ ၂၀၁၇ အထိ သိသိသာသာ တိုးတက်လာခြင်း မရှိသော်လည်း ၂၀၁၇ တွင် သိသိသာသာတိုးတက်ခဲ့သည်ဟုဆိုသည်။

ထို့ကြောင့် နိုင်ငံခြားအရန်ငွေကို ဝယ်ယူခြင်းဖြစ်ပြီး ဈေးကွက်မထိခိုက်အောင်လည်း ဆောင်ရွက်ရသည်ဟု ဦးဘိုဘိုငယ်က ပြောသည်။ နိုင်ငံခြားအရန်ငွေ တိုင်းတာသည့် သွင်းကုန်တန်ဖိုးသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနက ထုတ်ပြန်သောစာရင်းများအရ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ပျမ်းမျှတစ်လ သွင်းကုန်တန်ဖိုးသည် ၁ ဒသမ ၅ ဘီလီယံကျော်ရှိသည်။ ၂၀၁၃ တွင် ဗဟိုဘဏ်က လွှတ်တော်သို့တင်ပြရာတွင် နိုင်ငံခြားအရန်ငွေသည် ကန်ဒေါ်လာ ရှစ်ဘီလီယံကျော်ရှိသည်ဟုဆိုသည်။ ၂၀၁၅ အစိုးရ အပြောင်းအလဲတွင် နိုင်ငံခြားအရန်ငွေမှ ကန်ဒေါ်လာ ၂ ဘီလီယံကျော်အထိ လျော့နည်းခဲ့သည်ဟု နိုင်ငံတကာအဖွဲ့အစည်း၏ စာရင်းများကဖော်ပြထားသည်။ အာဆီယံနိုင်ငံများတွင် ဖိလစ်ပိုင်နိုင်ငံသည် ဒေါ်လာဘီလီယံ ၄၈၀ ဖြင့် အများဆုံး၊ စင်ကာပူက ကန်ဒေါ်လာ ၂၅၁ ဘီလီယံ၊ ထိုင်းက ၁၇၁ ဘီလီယံ၊ ဗီယက်နမ်က ၃၆ ဘီလီယံရှိသည်။

**Source:** http://www.7daydaily.com/story/149412

## STOCK EXCHANGE (7.2.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 7th Feb. 2019


#### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 280 | 2,520,000 | 27,112,747 | 244,015 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 3,619 | 10,495,100 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 146 | 1,051,200 | 10,400,986 | 74,887 |
| FPB | 00004 | 21,500 | -500 | -2.27% | 22,000 | 22,000 | 21,500 | 813 | 17,494,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,212,906 | 34,196 |

# Market Overview

As of 1:00 pm, 7th Feb. 2019

| MYANPIX | 380.26 ▼ 0.90 |
| --- | --- |
| Total Volume (shares) | 4,858 |
| Total Value (MMK) | 32 mil |
| Listed Company | 5 |
| Market Cap. (MMK) | 519,142 mil |




| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 9,000 | ▲0 |
| MTSH | 00002 | 2,900 | ▲0 |
| MCB | 00003 | 7,200 | ▲0 |
| FPB | 00004 | 21,500 | ▼500 |
| TMH | 00005 | 2,800 | ▲0 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| MYANPIX | 380.26 | -0.90 | -0.24% | 381.16 | 381.16 | 380.26 | 4,858 | 31,560,800 | 5 | 519,142 |

### Index chart

